**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ကြေညာချက်အမှတ် (၅ /၂၀၂၀)**

**၂၀၁၉ ခုနှစ်အတွက် စစ်ဆေးတွေ့ရှိချက်ရလဒ်အား ထုတ်ပြန်ကြေညာခြင်း**

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၁၂ ) ရက်**

**(၂၀၂၀ ပြည့်နှစ် ၊ မေလ ၁၈ ရက်)**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ (ဃ) နှင့် ၃၈ (ဃ) တို့အရ ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ရန်ကုန်စတော့အိပ်ချိန်း (YSX) အား ပထမအကြိမ်နှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (SCs) (၆) ခု တို့အား ဒုတိယအကြိမ်အဖြစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်စစ်ဆေးခဲ့ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အသီးသီးတို့၏ စစ်ဆေးမှုရလဒ်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားချက်များကိုလည်း လက်ခံရရှိခဲ့ပြီး စစ်ဆေးစဉ်ကာလအတွင်း တွေ့ရှိခဲ့သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်-

**ရန်ကုန်စတော့အိပ်ချိန်း**

- ၁၃-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အတည်ပြုထားသော ဌာနတွင်းထိန်းချုပ်မှုစနစ် အားကောင်းစေရန်အတွက် ဌာနတွင်းစာရင်းစစ်ကော်မတီ ဖွဲ့စည်းရန် လိုအပ်ခြင်း၊
- ၃၀-၆-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အတည်ပြုထားသော ရန်ကုန်စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံ (Organization Chart) အရ ဝန်ထမ်းအင်အားဖြည့်စွက်ခန့်အပ်ရန်လိုအပ်ခြင်း၊
- ကော်မရှင်မှ ထုတ်ပြန်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့ အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) နှင့်အညီ သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့တွင် ပြည့်စုံလုံလောက်မှု မရှိခြင်း၊

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ**

- တစ်ဦးချင်းနှင့်ကုမ္ပဏီများအား ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ရာ၌ လိုအပ်သည့် စာရွက်စာတမ်းများ ပြည့်စုံလုံလောက်စွာ တောင်းခံထားမှု မရှိခြင်း၊

- ကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၆) ဖြင့် ထုတ်ပြန်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ လိုက်နာရန် စည်းမျဉ်းစည်းကမ်းများ၏ အပိုဒ် (၁၄) နှင့်အညီ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ နှင့် အရောင်းအဝယ်ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များအား ပြည့်စုံလုံလောက်စွာ မှတ်တမ်းထားရှိမှု မရှိခြင်း၊
- ရန်ကုန်စတော့အိပ်ချိန်းမှ ထုတ်ပြန်ထားသော Guideline of Non Exchange Transaction Transfer (NETT) နှင့်အညီ ပြည့်စုံစွာ လိုက်နာဆောင်ရွက်မှု မရှိခြင်း၊
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ကိုယ်တိုင်ပြုစုထားသော ဌာနတွင်း စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းလမ်းညွှန် တို့အား ပြည့်စုံစွာ လိုက်နာဆောင်ရွက်မှု မရှိခြင်း၊
- ကော်မရှင်မှ ထုတ်ပြန်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့ အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) နှင့်အညီ သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့တွင် ပြည့်စုံလုံလောက်မှု မရှိခြင်း၊
- ကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၆) ဖြင့် ထုတ်ပြန်ထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများလိုက်နာရန် စည်းမျဉ်းစည်းကမ်းများ၏ အပိုဒ် (၁၀) နှင့်အညီ လုပ်ငန်းကြော်ငြာခြင်းများပြုလုပ်ရာတွင် ဖော်ပြရမည့် အချက်အလက်များအား ပြည့်စုံလုံလောက်စွာဖော်ပြထားမှု မရှိခြင်း၊
- ကော်မရှင်မှ အမိန့်ကြော် ငြာစာအမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားသော ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများ ပြင်ဆင်ချက်အသစ်နှင့်အညီလိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၇၂(က) ပုဒ်မခွဲငယ် (၅) နှင့်အညီ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးအရာရှိ၏ တာဝန်ဝတ္တရားများရှင်းလင်းစွာ သတ်မှတ်ရန်နှင့် လိုက်နာဆောင်ရွက်ရေးလက်စွဲ ပြုစုရန် လိုအပ်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်အမျိုးအစားနှင့် လိုက်လျောညီထွေဖြစ်မည့် ဝန်ထမ်းအင်အား ခန့်အပ်ရန် လိုအပ်ခြင်း၊

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်